# Forum of Federations

၁။ Forum of Federations သည် အော့တဝါမြို့၊ ကနေဒါနိုင်ငံ အခြေစိုက် နိုင်ငံတကာ အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ဖိုရမ်နှင့် ၎င်း၏မိတ်ဖက်များသည် ဖက်ဒရယ်စနစ်ဆိုင်ရာ ကမ္ဘာလုံးပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းဖြစ်ပါသည်။ နိုင်ငံပေါင်း (၂၀)မှ လွှတ်တော် ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့် ကျွမ်းကျင်သူများ ပူးပေါင်း၍ ဖက်ဒရယ်စနစ်ကို ဖော်ဆောင်ခဲ့ပါသည်။ ဖိုရမ်၏ ပညာရပ်ပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများကို အောက်ပါနိုင်ငံများမှ ရယူလျက်ရှိပါသည်-

(က) အာဂျင်တီးနား၊

(ခ) ဩစတြေးလျ၊

(ဂ) ဩစတြီးယား၊

(ဃ) ဘယ်လ်ဂျီယံ၊

(င) ဘရာဇီး၊

(စ) မြန်မာ၊

(ဆ) ကနေဒါ၊

(ဇ) အီသီယိုပီးယား၊

(ဈ) ဂျာမနီ၊

(ည) အိန္ဒိယ၊

(ဋ) အီတလီ၊

(ဌ) ကင်ညာ၊

(ဍ) လစ်ဗျား၊

(ဎ) မလေးရှား၊

(ဏ) မက္ကဆီကို၊

(တ) နီပေါ၊

(ထ) နိုင်ဂျီးရီးယား၊

(ဒ) ပါကစ္စတန်၊

(ဓ) ဖိလစ်ပိုင်၊

(န) ရုရှား၊

(ပ) စပိန်၊

(ဖ) တောင်အာဖရိက၊

(ဗ) သီရိလင်္ကာ၊

(ဘ) ဆူဒန်၊

(မ) တောင်ဆူဒန်၊

(ယ) ဆွစ်ဇာလန်၊

(ရ) တူနီးရှား၊

(လ) ယီမင်

၂။ ကနေဒါနိုင်ငံ၊ ကွိဘက်မြို့တွင်ကျင်းပသော ပထမဆုံး အပြည်ပြည်ဆိုင်ရာ ဖက်ဒရယ်ညီလာခံအရ ၁၉၉၉ခုနှစ်တွင် ဖိုရမ်ကို စတင်တည်ထောင်ခဲ့သည်။ အဆိုပါ ဖိုရမ်ကို အမေရိကန်သမ္မတBill Clinton၊ ကနေဒါဝန်ကြီးချုပ် Jean Chrétien၊ မက္ကဆီကိုသမ္မတ Ernesto Zedillo မှစတင်ရေးဆွဲခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ညီလာခံကျင်းပရာနိုင်ငံ(၄)ခုမှာ ဆွစ်ဇာလန်၊ ဘယ်လ်ဂျီယံ၊ အိန္ဒိယနှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်သည်။ နှစ်အနည်းငယ်အတွင်းမှာတွင် ဖိုရမ်၏အဓိက လုပ်ငန်းစဉ်ဖြစ်သော ဖက်ဒရယ်စနစ်ကျင့်သုံးသောနိုင်ငံများက ချဲ့ထွင်နိုင်ရုံမျှမက

ပဋိပက္ခချုပ်ငြိမ်းပြီးစနိုင်ငံများတွင် ဖက်ဒရယ်အုပ်ချုပ်မှုစနစ်ထွန်းကားရေးနှင့် ဗဟိုချုပ်ကိုင်မှုလျော့ချရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

**လုပ်ဆောင်ချက်များ**

၃။ **ပြဿနာဖြေရှင်းမှုများ**။ ၂၀၁၃ခုနှစ်၊ ဇွန်လမှစ၍ ဖယ်ဒရယ်စနစ်နှင့် သက်ဆိုင်သည့် လက်ရှိလက်တလောလုပ်ဆောင်နေသော စီမံကိန်းများမှာ တရားရုံးများနှင့် တရားစီရင်ရေးစနစ်၊ ကျား/မဦးဆောင်မှုစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်နှင့် ဖယ်ဒရယ်စနစ်၊ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး၊ ပြည်သူ့လုံခြုံရေး၊ ရေ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာစီမံကိန်း၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစသည်တို့နှင့် သက်ဆိုင်သော စီမံကိန်းများဖြစ်ပါသည်။

၄။ **သင်ကြားဆွေးနွေးမှုများ။** တစ်နှစ်တွင် အနည်းဆုံးလုပ်ငန်းစဉ်ပေါင်း (၄၀) ဆောင်ရွက်ပါသည်။ တက်ရောက်သူများအနေဖြင့် ဖယ်ဒရယ်စနစ်ကျင့်သုံးပုံနှင့် ပတ်သက်၍ လေ့လာသိရှိနိုင်ရန်နှင့် ၎င်းတို့၏နိုင်ငံများတွင်ပြန်လည်အသုံးချနိုင်ရန် အလုပ်ရုံဆွေးနွေးပွဲများ၊ စကားဝိုင်းများ၊ သင်ကြားရေးကဏ္ဍများအား ကျင်းပပြုလုပ်ပေးခဲ့ပါသည်။ နိုင်ငံပေါင်း (၂၀)တွင် ထိုလုပ်ငန်းစဉ်များအား ပြုလုပ်ခဲ့ပါသည်။

၅။ **အပြည်ပြည်ဆိုင်ရာ ညီလာခံများကျင်းပခြင်း**။ အပြည်ပြည်ဆိုင်ရာ ညီလာခံများအား (၃)နှစ်လျှင် တစ်ကြိမ်ကျင်းပပါသည်။ ၁၉၉၉ ခုနှစ်တွင် ကနေဒါနိုင်ငံ၌လည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ၌လည်းကောင်း၊ ၂၀၀၅ ခုနှစ်တွင် ဘယ်လ်ဂျီယန်နိုင်ငံ၌လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌လည်းကောင်း၊ ၂၀၁၀ ခုနှစ်တွင် အီသီးယိုးပီးယားနိုင်ငံ၌လည်းကောင်း အိမ်ရှင်အဖြစ်ကျင်းပခဲ့ပြီး အဆိုပါညီလာခံများသို့ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် ဝန်ကြီးများ၊ တရားရေးဆိုင်ရာပုဂ္ဂိုလ်များ၊ အစိုးရအရာရှိကြီးများ၊ လူငယ်ပညာရှင်များနှင့် အခြားပညာရှင်များ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

၆။ The Forum of Federationsသည် မိတ်ဖက်အစိုးရ ၉နိုင်ငံဖြစ်သည့် ဩစတြေးလျ၊ ဘရာဇီး၊ အီသီယိုးပီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ မက္ကဆီကို၊ နိုင်ဂျီးရီးယား၊ ပါကစ္စတန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့၏ ဘဏ္ဍာရေးအထောက်အပံ့ဖြင့် ကနေဒါနိုင်ငံမှ ထူထောင်ထားသော နိုင်ငံတကာ အုပ်ချုပ်မှုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

၇။ ယင်းအဖွဲ့အစည်းသည် ပြီးပြည့်စုံသောဒီမိုကရေစီစနစ်တွင် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစိုးရအချင်းချင်းသင်ကြားမှု၊ သင်ယူမှုပြုလုပ်ခြင်းကို တိုးမြှင့်ရာတွင် သင်ကြားမှု၊ သင်ယူမှုကွန်ယက်တစ်ခုအဖြစ် ဆောင်ရွက်ပေးပါသည်။ ယင်းဖိုရမ်သည် ဥပဒေပိုင်းဆိုင်ရာ အဖွဲ့အစည်းမဟုတ်ဘဲ အစိုးရအဖွဲ့အစည်းတစ်ခုခု ၏ သီးခြားကိစ္စရပ်များကို ဥပဒေပိုင်းဆိုင်ရာ ဆောင်ရွက်ပေးခြင်းမရှိပါ။

၈။ ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော (သို့) ဖက်ဒရယ်နိုင်ငံများရှိ အုပ်ချုပ်မှုကဏ္ဍ အဆင့်ဆင့်မှ တင်ပြသောစိန်ခေါ်မှုများကို ဖြေရှင်းပေးပြီး ဒေသတွင်းအာဏာဖြန့်ဝေ ပေးခြင်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးပါသည်။ ထို့ပြင် ပဋိပက္ခများပြီးဆုံးပြီးနောက် ပျက်စီးယိုယွင်းလျက်ရှိသည့် ပြည်နယ်များ၊ ဒေသများတွင် ဒီမိုကရေစီထူထောင်ရေး လုပ်ဆောင်ရာ၌လည်း ကူညီပေးသည့်အပြင် ပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းနှင့် တကယ့်လက်တွေ့တွင် ကျင့်သုံးလျက်ရှိသည့် အရာများကို ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေးသည့် ပညာရှင်များကိုလည်း မွေးထုတ်ပေးပါသည်။

၉။ ၎င်းသည် ဖွံ့ဖြိုးပြီးနိုင်ငံ များနှင့်ဗဟိုထိန်းချုပ် မှုလျှော့ချသော နိုင်ငံများ တွင်လည်း အစိုးရ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် သင်တန်းပေးခြင်း နှင့်အတွေ့အကြုံဗဟုသုတဝေမျှသော အစီအစဉ်များကို လုပ်ဆောင်ပါသည်။ ဖိုရမ် သည် ပုံစံအမျိုးမျိုးနှင့်အစိုးရသည် ဒီမိုကရေစီတည်ဆောက်ရေး နှင့်ဒီမိုကရက် တစ်နည်းလမ်းအရပူးပေါင်းဆောင်ရွက်မှုပြုနိုင်သော ပါဝင်အကြံပြုဆွေးနွေးခြင်း နှင့်ဆက်နွယ်ပါသည်။ ဖိုရမ်သည် ပဋိပက္ခအလွန်အခြေအနေတွင် အားနည်းသော နယ်မြေများသို့မဟုတ်ဒေသများတွင် ဒီမိုကရေစီတိုးမြှင့်ရေးအတွက် ကူညီပေးသည်။ ၎င်းသည် ဖဒရယ်စနစ်သုံးသော၊ ဗဟိုအုပ်ချုပ်မှု လျှော့ချသော နိုင်ငံများရှိ စိန်ခေါ်မှုများကို ထောက်ပံ့ပေးပါသည်။ ၎င်းသည် ဒေသတွင်း အာဏာပေးဝေခြင်းနှင့် ဖက်ဒရယ်စနစ်ဖွဲ့စည်းပုံအတွက် အဓိကအချက်များကို အလေး ထား သည်။ ပညာရေးသုတေသနနှင့်လက်တွေ့ကျင့်စဉ်များကို ဆက်စပ်ပေး သော ပညာရေး ဆိုင်ရာ ကျွမ်းကျင်မှုကိုလည်း ပံ့ပိုးပေးပါသည်။ ဖိုရမ်သည် ဖဒရယ်စနစ် ကျင့်သုံးမှု များကို သင်ကြားပေးခြင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးအတွက် နည်းပညာပိုင်း ဆိုင်ရာအကြံဉာဏ်ပေးခြင်း၊ ပညာရှင်များနှင့်ဖဒရယ်စနစ် ကျင့်သုံးသူများ ကို

မွေးထုတ်ပေးခြင်းတို့ကို လုပ်ဆောင်သည်။ ၄င်း၏ ဆောင်ရွက်ချက် များ တွင် အစိုးရဝန်ထမ်းများ၊ ပညာရေးကျွမ်းကျင်သူများ၊ အတွေ့အကြုံရှိ သော အတတ်ပညာဆိုင်ရာပညာရှင်များ၊ ဂျာနယ်လစ်များနှင့် အခြား ပြည်တွင်း အဖွဲ့အစည်း များ လည်း ပါဝင်သည်။ ဖိုရမ်ကို အမေရိကန်၊ ဥရောပ၊ အာဖရိကနှင့်အာရှပစိဖိတ် စသော ကမ္ဘာတစ်ဝှမ်းတွင် ကျင်းပနေသည်။